

ဝန်ဇင်း
Read on the move
ဇေယယနု
(ရာမည)
အောင်မြတ်သာနှင့်
အိမ့်တလိမ့်စုန်း

အောင်မြတ်သာတို့ လည်း ရွာထဲကို ဝင်လာခဲ့တော့ ရွာအလယ်ကွင်းပြင်မှာ ကြိုးချည်ထားတဲ့ မိန်းမတစ်ယောက်ကို တွေ့လိုက်ရတယ်။

အဲဒီမိန်းမ ပတ်ပတ်လည်မှာ တော့ လူစုလူဝေးကြီးက တစ်ယောက်တစ်ပေါက် အော်ဟစ်ဆဲဆို နေကြတယ်။

ခဏနေတော့ လွယ်အိတ် လွယ်ထားတဲ့ လူတစ်ယောက်က ...

"ဒီစုန်းမကို မနက်ဖြန်ညနေမှာ ရေချပြီး သတ်မယ် အဲဒီအတွက် လိုအပ်တာတွေကို ရွာသားတွေအနေနဲ့ ပြင်ဆင်ထားကြ သူပြုစားခဲ့တဲ့ သူတွေအတွက် သူ ပြန်ပေးဆပ်ရမယ်" လို့ ပြောပြီး လူအုပ်ကြားထဲကနေ အပြင်ကို ထွက်သွားတယ်။

သက်ခိုင်လည်း မယောင်မလည်နဲ့ လူအုပ်ကြားထဲဝင်ပြီး ကလေးချီထားတဲ့ မိန်းမတစ်ယောက်ကို

"အစ်မ အစ်မ ဒီမိန်းမကို ဘာလို့ ဒီလောက် နာကြည်း နေကြတာလဲ " လို့ မေးလိုက်တော့ ကလေးချီထားတဲ့ အမျိုးသမီးက ...

"ရှင်တို့ ကြည့်ရတာ ခရီးသွားတွေ ထင်တယ် ဒီမိန်းမက ဒီရွာကပဲ ရွာထဲမှာ သူမကျေနပ်တဲ့ သူတွေကို သူ့ပညာနဲ့ ပြုစားခဲ့တာ သူက စုန်းမတစ်ယောက် ဆိုတာ အရင်က မသိခဲ့ဘူး သူကရွာမှာ အတိုးချေးစားတယ် သူသတ်မှတ်တဲ့ ရက် ရောက်လို့ အတိုးမပေးနိုင်ဘူးဆိုရင် အဲဒီလူကို ပြုစားလိုက်ရော သူ့ကြောင့် သေတဲ့ လူတွေ ၃ယောက်လောက် ရှိနေပြီ

အခုမှ ဘကြီးအုန်း ပြန်ရောက်လာမှ ဒီမိန်းမက စုန်းမဆိုတာ သိရတာ"

"ဘကြီးအုန်း ဆိုတာက ခုနက လွယ်အိတ် လွယ်ထားတဲ့ အဘလား"

"ဟုတ်တယ် သူ့ရဲ့ မျိုးရိုးစဉ်ဆက် ပယောဂကုလာတာ သူ ဒီရွာက နေ ထွက်သွားတာ ကြာပြီ အခုမှ သူ့အစ်မ နေမကောင်းလို့ ပြန်လာတာ သူပြန်လာတော့မှ သူ့အစ်မက ပြုစားခံရတာ သိလို့ ဒီစုန်းမကို ဖမ်းတာ"

"အခု ဒီစုန်းမကို ဘာလုပ်ကြမလို့ လဲ"

"ဒီစုန်းမကို မနက်ဖြန်ညနေ ရေချသတ်မယ်လို့ ပြောတယ်"

"ဗျာ ရေချသတ်မယ် ဟုတ်လား ကျုပ် တစ်ခါမှ မကြားဖူးဘူး ပြောပြ ပါဦး"

"ရေချသတ်တယ် ဆိုတာက ဒီရွာရဲ့ ဘိုးဘေးတွေ လက်ထက်ထဲက ရှိတာလို့ ဘကြီးအုန်းက ပြောတယ် ကျွန်မလည်း အတိအကျ မသိဘူး ဘကြီးအုန်းနဲ့ ရှေ့မီနောက်မီ လူတွေပဲ သိတာ မနက်ဖြန် ဘယ်လိုသတ် မလဲ ဆိုတာ စောင့်ကြည့်ရမှာ ပဲ"

သက်ခိုင်လည်း မေးမြန်းစရာရှိတာ မေးပြီး အောင်မြတ်သာဆီ ပြန် လာခဲ့လိုက်တယ်။

အောင်မြတ်သာဆီ ရောက်တော့ ...

"သက်ခိုင် ငါတို့ ဒီရွာမှာ နေရမယ် နေတာကတော့ ရွာလူကြီး စီစဉ် ပေးလိမ့်မယ် ခုနက လွယ်အိတ်နဲ့ လူရဲ့ ဘိုးဘွားတွေက ဒီရွာစတည်ထဲ က ရှိခဲ့တာ ဒီရွာစတည်တော့ အိမ်ခြေ၇လုံးနဲ့ စတည်ခဲ့တယ် အဲဒါကြော င့် ဒီရွာကို ခုနစ်အိမ်စုရွာလို့ ခေါ်ကြတယ် ရွာစတည်တဲ့ အချိန်က မင်းတု န်းမင်းတရားကြီး နန်းစတက်တဲ့ အချိန်ပေါ့ ရွာတစ်ခုတည်ရင် ရွာသူလို့ ခေါ်တဲ့ စုန်းကမပါလို့ မရဘူး တစ်ရွာလုံးကလည်း ဒီရွာမှာ စုန်းအတတ်

ပညာတတ်တဲ့ သူရှိတယ်ဆိုတာလည်း သိကြတယ်။ အခု ဖမ်းမိတဲ့ မိန်းမရဲ့ အနွယ်တွေက အဲဒီ အနွယ်တွေထဲကပဲ ရွာလူကြီး ပြောပုံအရ သူ့အမေ ရှိသေးတယ်တဲ့ သူ့အမေကလည်း အဲဒီလိုပညာတတ်လို့ ရွာကနေ နှင်ထုတ်ထားတာ ကြာပြီလို့ ပြောတယ် အခု အမျိုးသမီးက ဘာမှ မတတ်ချင်ယောင် ဆောင်ပြီး ကျန်နေခဲ့တာ အခု ဘကြီးအုန်း လာတော့မှ ပညာသည် မှန်း သိရတာ"

"ဒါဆို ဒီစုန်းမကို ရေချသတ်တယ် ဆိုတာကရော ဘယ်လို သတ်တာလဲ ဆရာ"

"ရေချသတ်တယ် ဆိုတာက မြန်မာမင်းများ လက်ထက်တော်တုန်းက ရွာတစ်ရွာမှာ ဖြစ်စေ၊ ရပ်ကြီးတစ်ရပ်မှာ ဖြစ်စေ စုန်း၊ ကဝေမ၊ ဇော်ဂနီ ဆိုတာမျိုး သိခဲ့ရင် အဲဒီ စုန်းကဝေကြောင့် သူတစ်ပါး ဒုက္ခရောက်ကြောင်း သိသွားခဲ့ရင် အဲဒီ စုန်းကဝေ၊ ဇော်ဂနီမကို ရွာသူကြီး၊ မြို့သူကြီး၊ မင်းမိန့် စသည် တို့ နဲ့ ရေချပြီး စီရင်ရတယ်။

ဒီနေရာမှာ ဇော်ဂနီ စုန်းအကြောင်း ပြောချင်တာက ဇော်ဂနီဆိုတာ ကဝေနတ်ကို ခေါ်တယ် အိမ့်တလိမ့် စုန်းမျိုးဟာ ဇော်ဂနီ အဆင့်ကို ပြီးမြောက်စေနိုင်လို့ (ဇော်ဂနီ မြောက်) လို့ ခေါ်ကြတယ် သူတို့ က ဖမ်းစားရင် "ဘူး "သွင်းတယ်လို့ ခေါ်ပါတယ်။

"ဘူး" သွင်းတဲ့ လက္ခဏာက "ဘူး" သွင်းခံရသူဟာ သမ်းသမ်းဝေဝေ ရှိပြီး သွေးဆုတ်တတ်တယ် ခန္ဓာကိုယ်ထဲ "ဘူး" သွင်းခံရရင် ခံရသူဟာ ဂနာမငြိမ်ဖြစ်ပြီး ရယ်လိုက် ငိုလိုက် ဖြစ်လာရော အစားလည်း မစားချင်တော့ဘူး။ လက်ဝဲဘက်နံရံမှာ အပင်းသွင်းခံရသလို အောင့်ပြီး အော်နေရတယ်။ ပြီးတော့ ချမ်းတုန် အော့အန်မယ် အဆင်းလှသူဆို မကြာခင် ချက်ချင်း ရပ်ပြောင်း ရပ်ဆိုး ဖြစ်သွားရော ဇော်ဂနီ စုန်းက အဲဒီလို ဘူးသွ

င်းတတ်တဲ့ အပြင် ဆေးကုနေတဲ့ ဆေးဆရာ ရှိရာကို လူမမာသတင်း မေးသလိုလိုနဲ့ ရောက် လာပြီး ဆေးအကြောင်း ပညာစမ်းသလို ဆေးဆရာကို မေးပြီး စကားပက်လို့ ဆေးသိဒ္ဓိကို ပြယ်စေတယ်။ ဆေးဆရာ ဆေးကုလို့ မရအောင်လည်း ပြုစားနိုင်တယ်။ အိမ်တွင်း မင်းမဟာဂီရိ နတ်ကိုတောင် အမိန့်ပေး စေခိုင်းလို့ ရတယ်လို့ (မဟာသရဘူ မဥ္ဇူကျမ်း) မှာ ဖော်ပြထားပါတယ်။ တိုတိုပြောရရင် ရှေးမြန်မာမင်းများ လက်ထက်မှာ စုန်းကဝေ၊ ဇော်ဂနီမှန်းသိရင် အာဏာစက်နဲ့ ဖမ်းပြီး ၇ လံနက်တဲ့ ရေမှာ ချပြီး ပြစ်ဒဏ်စီရင် ရတယ် ဆန်းတာကတော့ အလွန် ထူးဆန်းတယ် ဇော်ဂနီ ရေချရင် မြစ်ထဲမှာ ချရတယ်တဲ့ ဇော်ဂနီ၊ စုန်း၊ ကဝေကို ရေချဖို့ အတွက် ဦးစွာ တံရှူးဝါးကို ဝါးခြမ်း ၇ ခြမ်းရအောင် စိပ်တံရှူး ဝါးဆိုတာ သုသာန်၊ သင်္ချိုင်းမှာ မီးသင်္ဂြိုဟ်ရင် လူသေကောင်ကို ထိုးလှန်ဖိတဲ့ ဝါးစူးကိုခေါ်တာ အဲဒီ တံရှူးဝါး (တံစူးဝါး) ဝါးခြမ်း ၇ ချောင်းအကွက်ရက် အောက်မှာ ဇီးသား နှစ်ချောင်း လက်ကိုင်လို့ ရအောင် အရှည်ခံပြီး ကြိုးနဲ့ ချည်ရတယ်။ ပြီးတော့ ... ရေလုံအိုးကြီးကို ယူ အိုးထဲမှာ အိမ် ၇ အိမ်မှာ နေထိုင်ကြတဲ့ အိမ်သားတွေရဲ့ ကျင်ငယ်ရေနဲ့ ရက်တက်ပုန်းရေတို့ ကို ရေလုံအိုးကြီးထဲမှာ ထည့်ထား။

ပြီးတော့ တံစူးဝါးနဲ့ လေးကြီးတစ်စင်းကို လုပ်ရမယ် မြား ၇ စင်းလုပ်ရမယ် တံစူးမြားတံ မြားရွက်ကို လင်းတ ငှက်ရဲ့ အတောင် ၇ တောင်နဲ့ လုပ်ရတယ် ပန်းက ၇ မျိုး၊ ဆူးက ၇ မျိုးသတ်သတ် စုပုံထား။

စုံရင် - ဆူး၊ ပန်း၊ လေး၊ မြား၊ လင်းတ အတောင် စသည် တို့ ကို ရောထားပြီး ၇ မျိုး ၇ ပုံ အစုပြုရတယ်။

အဲဒါတွေရရင် ဇော်ဂနီ စုန်းမကို ထဘီ အဖြူဝတ်ပေးပြီး ဦးခေါင်းက ဆံပင်ကို ဆံထုံး ၇ ထုံးလုပ်ပေး အဲဒီဆံထုံး ၇ ထုံးထဲကို တံစူးမြား

တစ်ချောင်းစီ ထိုးသွင်းပြီးရင် စုန်းမရဲ့ လက် နှစ်ချောင်း၊ ခြေမ နှစ်ချောင်း၊ သမန်းကြိုးနဲ့ ပူးချည်၊ စုန်းမရဲ့ ခါးမှာ လည်း သမန်းကြိုးနဲ့ ချည် ခုနစ်လံရှည်တဲ့ ဆွဲ ကြိုးကို အထုံး ၇ ထုံး ထုံးပြီး လည်ပင်းမှာ ချည်လို့ မြစ်ဆိပ်ရေဆိပ်ကို ခေါ်သွားရတယ်။

မြစ်ဆိပ်ရောက်ရင် အပိုင်အဆိုင် အားလုံးကို ရှေးထုံးစံနှင့် ပူဇော်ပြီး စီရင်ရတဲ့ အကြောင်းကို တိုင်တည်ရတယ်။ မြစ်ရေထဲမှာ လှေနှစ်စင်းကို တွဲချည်ထားပြီး လှေရဲ့ အထက်မှာ တံစူး ဝါးကပ်ကိုတင် အဲဒီဝါးကပ်ပေါ်မှာ ဇော်ဂနီ အမည်ရှိ စုန်းမကို ထိုင်နေစေရတယ်။ ပြီးတော့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို တစ်ပေါင်းတည်း ကြိုးနဲ့ တုပ်ချည်နှောင်ရမယ် ချည်ပြီးရင် မြားပစ်မယ့် လေးသမားတွေက မြားကိုကိုင်ပြီး ဇော်ဂနီ စုန်းမကို ပြောဆို ကြိမ်းမောင်းရတယ်။ ပြီးတာနဲ့ မြားတစ်စင်းကို မိုးကောင်းကင်ရှိရာ ပစ်လွှတ်ရတယ် နောက်မြားတစ်စင်းကို မြေကြီးထဲ ပစ်တယ် နောက်မြား တစ်စင်းကို ရေဆိပ်ကို ပစ်လွှတ်ပြီး ကျန်တဲ့ မြား လေးစင်းကိုအရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ် လေးမျက်နှာကို ပစ်လွှတ်ရတယ်။

မြားရွှေးပစ်ပြီးရင် စုန်းမကို အိုးထဲက မစင်ရေနဲ့ ခေါင်းကနေ လောင်းပြီးရင် စုန်းမတင်လှေကိုဖောက်၊ ကွဲအက်စေပြီး ရေနက်ထဲကို စုန်းမနဲ့ အတူ ဆွဲချကြရတယ်။

အကယ်၍ လှေထဲမှာ လှေရော၊ စုန်းမရော၊ စုံးစုံးမြုပ်သွားရင် ကိစ္စပြီးသွားပြီ။ သို့ကလို မဟုတ်ပါဘဲ လှေကွဲ လှေပေါက်သော်လည်း မမြုပ် လှေရော စုန်းမရော ရေပေါ်မှာ ပေါ်နေလျှင် သို့မဟုတ် ကြိုးနှောင်တည်းထားတဲ့ စုန်းမ ရေပေါ်မှာ ပေါ်နေလျှင် သူ့ကို ရပ်ထဲ ရွာထဲမှာ မနေစေရဘူး။ နယ်နှင်ဒဏ်ပေး ရတယ်။ နောက်ထပ် စုန်းရေချတဲ့ နည်း

ကတော့ စောစောကလို မြားပစ်၊ မစင်ရေလောင်းပြီး လှေကိုပေါက်၊ ကွဲစေပြီး စုန်းမကို ရေချရတယ်။ ရေချရင် စုန်းမရဲ့ ခါးကို သမန်းကြိုး ၇ ထုံးချည်ပြီး ၇ တောင်နက်တဲ့ ရေမှာ ချရတယ်။

ကဝေ စုန်း စစ်မှန်လျှင် ရေမှာ မနစ်ဘူးတဲ့ ။ အိမ့်တစ်လိမ့်စုန်းနဲ့ ဇော်ဂနီကျတော့ ခါးကြိုး နှစ်ထုံးနစ်သတဲ့ ။ ကြိုးထုံး ၅ ထုံး ကျန်သတဲ့ ။

မှော်ကဝေ စုန်းမှန်း သိပြီ ဆိုတော့ မှော်ကဝေစုန်းက မြစ်ခြားရာ အရပ်မှာ ဖမ်းစားပြုစား နိုင်သောကြောင့် မင်းမိန့်နဲ့ ရပ်ဝေးကို နှင်ရတယ်။

ကျန်တဲ့ စုန်းတွေကတော့ သိပ်အစွမ်းအစ မရှိဘူး။ ရပ်ရွာတွင်း နေထိုင်တဲ့ ၇ အိမ်ကိုပဲ ဖမ်းစား ပြုစားနိုင်တယ်။ ဒီလိုစုန်းမျိုးကိုတော့ မြစ်ကူးချောင်းဖျား အဝေးအရပ်ကို နယ်နှင်ရတယ်။ အဲဒါက စုန်းကဝေတွေကို နှိမ်နင်းတဲ့ ရှေးမြန်မာနည်းပဲ အခု ဒီရွာသားတွေရဲ့ ဘိုးဘေးတွေ လက်ထက်ကလည်း ဒီလိုမျိုးနှင်ခဲ့ဖူးတယ်။ အခုလည်း ဒီလိုဖြစ်ရပ် ထပ်ဖြစ်လာပြန်ပြီ ဒီတစ်ခေါက်တော့ ရေချတဲ့ အချိန် အနှောင့်အယှက် ရှိနိုင်တယ်။ ငါတို့ က ဘေးကနေ စောင့်ကြည့်ပြီး လိုအပ်ရင် ကူညီရလိမ့်မယ် " လို့ ပြောတော့ သက်ခိုင်က "ဟုတ်ကဲ့ဆရာ ကျွန်တော် သိပါပြီ" လို့ ပြန်ဖြေလိုက်တယ်။

ရွာထဲက လူတွေကို ကြည့်လိုက်တော့ စုန်းမကို ရေချဖို့ အတွက် အလုပ်ရှုပ် နေကြတယ်။ လိုအပ်တဲ့ ပစ္စည်းတွေကို ရှာဖို့ ဘကြီးအုန်းက သေချာ မှာ ကြားနေတယ်။

အချိန်က တဖြည်းဖြည်းနဲ့ ညနေစောင်းတော့မယ်။ ပစ္စည်းတွေ အကုန်ရပေမဲ့ လင်းတ အမွေးကို ရှာမရဘူး ဖြစ်နေတယ်။